# မြန်မာ့ကျောက်စိမ်း

## တွင်းဝမှ ဈေးကွက်သို့အဆင့်ဆင့်ဖြတ်သန်းပုံ





Cover photo: Zaw Moe Htet for NRGI

Minzayar for NRGI

# မြန်မာ့ကျောက်စိမ်း တွင်းဝမှ ဈေးကွက်သို့ အဆင့်ဆင့်ဖြတ်သန်းပုံ

မြန်မာ့ကျောက်စိမ်းလုပ်ငန်းသည် နှစ်စဉ် ဒေါ်လာ ဘီလီယံနှင့်ချီ ဝင်ငွေရှိသည့်လုပ်ငန်းဖြစ်သော်လည်း၊ အမြတ်အစွန်းအစိတ်အပိုင်း အနည်းငယ်သာလျှင် နိုင်ငံသားများအတွက် ကောင်းကျိုး ဖြစ်ထွန်းစေသည်။ ကျောက်စိမ်းလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ အဂတိလိုက်စားမှု၊ ပဋိပက္ခများနှင့် လူမှုရေး ပြဿနာများကို ဖြစ်စေသည်။

## အကျဉ်းချုပ်


ကျောက်စိမ်းထွက်ရှိရာဒေသ

တူးဖော်ထုတ်လုပ်သူများ

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ခွင့်ပြုထားသည့် ကျောက်စိမ်းထုတ်လုပ်ခွင့်ပါမစ်

ရေမဆေး

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း ဒေသခံရပ်ရွာများပေါ် ဆိုးကျိုးသက်ရောက်မှုများ

ကျောက်စိမ်းနှင့် မြန်မာနိုင်ငံပဋိပက္ခအချိတ်အဆက်

ကျောက်စိမ်းကဏ္ဍမှ အစိုးရရရှိသည့်အခွန်ပမာ

အစိုးရသည် ကျောက်စိမ်းကဏ္ဍမှ အခွန်ဝင်ငွေ ရသင့်သလောက်ရနေပါသလား


ကျောက်စိမ်း အရောင်းအဝယ်ပြုလုပ်သည့်နေရာ

ဝယ်လက်

ကျောက်စိမ်းအသုံးချပုံ

## ကျောက်စိမ်းထွက်ရှိရာ ဒေသ

ကမ္ဘာပေါ်ရှိ ကျောက်စိမ်း ၉၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ ထုတ်လုပ်သည်။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အဓိကတူးဖော် ထုတ်လုပ်သည်။ ကျောက်စိမ်းထုတ်လုပ်ရာဒေသ ၂ ခုလုံးသည် နိုင်ငံမြောက်ပိုင်းတွင်ရှိသည်။





## တူးဖော်ထုတ်လုပ်သူများ

ကျောက်စိမ်းထုတ်လုပ်ခွင့်ရထားသည့် ကုမ္ပဏီရာနှင့်ချီပြီး ရှိသည်။ ယင်းကုမ္ပဏီများသည် ကုမ္ပဏီတခုချင်း သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းလျက် တူးဖော်သည့်ကုမ္ပဏီများဖြစ်သည်။

အကျိုးတူပူးပေါင်းခြင်း – ရှယ်ယာပိုင်ဆိုင်မှု သီးသန့်ရှိသည့် အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ကုမ္ပဏီများကြား တူးဖော်ရေးတခုကို အတူတကွ ပြုလုပ်ရန် သဘောတူသည့်သဘောတူညီချက်။

Zaw Moe Htet for NRGI

## မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း

သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းတခုဖြစ်သည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ရှယ်ယာရှင်အဖြစ် ပါဝင်သည်။ စည်းကမ်းပိုင်းကြီးကြပ်ခြင်း၊ အခွန်ကောက်ခံခြင်းတို့ကို ပြုလုပ်ခြင်းကြောင့် ကျောက်စိမ်းလုပ်ငန်းတွင် အရေးအကြီးဆုံး အစုအဖွဲ့ဖြစ်သည်။




Zaw Moe Htet for NRGI

# ခွင့်ပြုထားသည့် ကျောက်စိမ်းထုတ်လုပ်ခွင့်ပါမစ်

၂၀၁၆ အစောပိုင်းထိ စာရင်းများအရ သက်တမ်းမကုန်သေးသည့် ကျောက်စိမ်းတူးဖော်ခွင့် ပါမစ် ၂၁၀၀၀ ရှိသည်။ ၂၀၁၆ နှစ်လယ်ပိုင်းတွင် ပါမစ်အသစ်များ ချထားပေးခြင်း၊ သက်တမ်း တိုးပေးခြင်းတို့ကို ရပ်ဆိုင်းလိုက်ချိန်မှစပြီး အရေအတွက် ကျဆင်းလာသည်။ ပါမစ်အရေအတွက် လျော့ကျသွားသည့်တိုင်အောင် အစိုးရအနေဖြင့် ကျောက်စိမ်းတွင်းများကို ထိရောက်စွာ ကြီးကြပ်နိုင်ခြင်းမရှိပါ။

## နှစ်အလိုက်ပါမစ်အရေအတွက်အပြောင်းအလဲ





၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချထားပေးခဲ့သည့် ကျောက်စိမ်း တူးဖော်ခွင့်ပါမစ် ဧရိယာမှာ ဧက ၃၂၀၀၀ ကျော်ဖြစ်သည်။ ဘောလုံး ကွင်းပေါင်း ၂၄၀၀၀ ကွင်း အကျယ်အဝန်းခန့် ရှိသည်။

Zaw Moe Htet for NRGI



## ရေမဆေး

အကြီးစား စက်ယန္တယားနှင့် တူးဖော်ကြသည့်အပြင် တစ်နိုင်တစ်ပိုင် ကျောက်ရှာသူ အရေအတွက်မှာလည်း အများအပြားရှိသည်။ ကုမ္ပဏီများစွန့်ပစ်ထားသည့် မြေစာပုံပေါ်တွင် ကျောက်ကောင်း တွေ့လိုတွေ့ငြား ရှာဖွေကြသူများကို ရေမဆေးဟု ခေါ်ကြသည်။

Minzayar for NRGI



ရေမဆေးများသည် မြန်မာနိုင်ငံ ဒေသစုံမှဖြစ်ပြီး၊ စီးပွားရေးအခွင့်အလမ်းအတွက် ကျောက်စိမ်းမြေသို့ လာရောက်ကြခြင်းဖြစ်သည်။ ၎င်းတို့သည် အလွန်အန္တရာယ်ကြီးမားသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်စားသောက်ကြရသည်။

Zaw Moe Htet for NRGI

# ကျောက်စိမ်းလုပ်ငန်း၏ ဒေသခံရပ်ရွာများပေါ် ဆိုးကျိုးသက်ရောက်မှုများ

ကုမ္ပဏီများသည်ဘေးပတ်ဝန်းကျင်ကောင်းကျိုး၊ ဆိုးကျိုး၊ ကျန်းမာရေး၊ ဘေးကင်းရေးကိုဂရုမစိုက်ပဲ မြန်နိုင်သမျှမြန်မြန်၊ များနိုင်သမျှများများ တူးဖော်ကြသည်။ တူးဖော်ခွင့်ပေးထားသည့် သက်တမ်းတိုလွန်းသည် ကလည်း အကြောင်းရင်းဖြစ်သည်။ ရလဒ်အနေဖြင့် လူသေမှုများ ဖြစ်စေသည့် မြေပြိုမှု၊ ရေကြီးမှုများ မကြာခဏဖြစ်ပေါ်လာသည်။


Zaw Moe Htet for NRGI



ဒေသခံများအနေဖြင့် ကျောက်စိမ်းလုပ်ငန်းမှလွဲပြီး အခြားကဏ္ဍတွင် အခွင့်အလမ်းများမရှိပဲ ဖြစ်လာသည်။ ကလေးလုပ်သား၊ မူးယစ်ဆေး၊ ပြည့်တန်ဆာလုပ်ငန်းများ မြင့်တက်လာသည်။ HIV/AIDS ကူးစက်ခံရမှုလည်း မြင့်တက်လာသည်။

Zaw Moe Htet for NRGI



## ကျောက်စိမ်းနှင့် မြန်မာနိုင်ငံပဋိပက္ခအချိတ်အဆက်

မြန်မာနိုင်ငံရှိစစ်တပ်နှင့်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အများအပြားသည် ကျောက်စိမ်းတူးဖော်ခြင်းတွင် ငွေကြေးထည့်ဝင်ထားမှုများရှိသည်။ ကျောက်စိမ်းတူးဖော်ရေး၊ ရောင်းဝယ်ရေး ကုမ္ပဏီများတွင် တရားဝင်၊ တရားမဝင်ရင်းနှီးမြှုပ်နှံရာမှ ငွေကြေးအမြတ်အစွန်းများ ရရှိနေကြသည်။ အဖွဲ့အစည်းအချို့ သို့မဟုတ် ၎င်းတို့နှင့် အချိတ်အဆက်ရှိသူသည် ကျောက်မှောင်ခိုထုတ်ခြင်း၊ တရားမဝင်ငွေကြေးပေးရမှုများတွင် ပါဝင်နေကြသည်ဟု လူ့အခွင့်အရေး လှုပ်ရှားသူများက စွပ်စွဲထားသည်။


Zaw Moe Htet for NRGI

# ကျောက်စိမ်းကဏ္ဍမှ အစိုးရရရှိသည့်အခွန်ပမာဏ

မြန်မာ EITI ထုတ်ပြန်ချက်အရ ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများသည် အစိုးရသို့ အခွန်ကျပ်ငွေ ၇၀၈ ဘီလီယံ (ဒေါ်လာ ၅၇၈ သန်းနီးပါး) ပေးသွင်းခဲ့သည်။

ယင်းပမာဏသည် ကျောက်စိမ်းလုပ်ငန်းတခုလုံး တန်ဖိုးနှင့် ယှဉ်လျှင် အစွန်းထွက်မျှသာဖြစ်သည်။ အခွန်ရှောင်သည့် ကုမ္ပဏီပေါင်းများစွာရှိသည်။

၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ် ပျှမ်းမျှငွေလဲနှုန်းမှာ ၁ ဒေါ်လာလျှင် ကျပ်ငွေ ၁၂၂၅ ဖြစ်သည်။




## အစိုးရသည် ကျောက်စိမ်းကဏ္ဍမှ အခွန်ဝင်ငွေ ရသင့်သလောက်ရနေပါသလား။

တူးဖော်ရရှိသည့် ကျောက်စိမ်းအများအပြားကို အစိုးရသို့အစီရင်ခံ တင်ပြခြင်း လုံးဝမရှိပါ။ နိုင်ငံတွင်း သို့မဟုတ် နိုင်ငံပြင်ပသို့ မှောင်ခို ထုတ်ရောင်းလိုက်ကြသည်။

ရရှိသည့် ကျောက်စိမ်းများ စာရင်းပြသည့်အခါတွင်လည်း ဝန်ထမ်းများက တန်ဖိုးလျှော့ပေါ့ပြကြသည်။ တန်ဖိုး လျှော့ပေါ့တင်ပြခြင်းကြောင့် ကုမ္ပဏီများပေးရမည့် တွင်းဝခွန် ပမာဏလည်း လျှော့သွားသည်။

ကျောက်များကို တရားဝင်ရောင်းချ သည့်အခါတွင်လည်း အခွန်လျှော့ပေးရန်အတွက် ကျောက်တန်ဖိုး ကို ရောင်းသူ၊ ဝယ်သူ ညှိနှိုင်းတန်ဖိုးလျှော့ပြကြသည်။

တွင်းဝခွန် (royalty) – တူးဖော်ရရှိသည့် သဘာဝသယံဇာတများအတွက် ကုမ္ပဏီမှ အစိုးရသို့ပေးသွင်းရသည့် အခွန် (ထုတ်လုပ်မှုပမာဏ သို့မဟုတ် တန်ဖိုးကို အခြေခံ၍ ကောက်ယူသည်)။




# ကျောက်စိမ်း အရောင်းအဝယ် ပြုလုပ်သည့်နေရာ

ကျောက်စိမ်းတရားဝင်ရောင်းချမှု အများဆုံးပြုလုပ်သည့်နေရာမှာ နေပြည်တော်တွင် တနှစ်လျှင် ၃ ကြိမ်ထိပြုလုပ်သည့် မြန်မာ့ ကျောက်မျက်နှင့် ကျောက်စိမ်းပြပွဲတွင် ဖြစ်သည်။ ကျောက်စိမ်းကို မန္တလေး၊ ရန်ကုန်၊ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားရှိ အရောင်းအဝယ် စင်တာများတွင်လည်း ရောင်းချကြသည်။



Nyan Hlaing Lynn for NRGI

တရားဝင်ရောင်းချမှုသည် ထုတ်လုပ်မှုစုစုပေါင်းပမာဏ၏ အစွန်းထွက်မျှသာဖြစ်သည်။ ကျန်ရှိသည့် ပမာဏကို နိုင်ငံပြင်ပသို့ မှောင်ခို ထုတ်သည် သို့မဟုတ် ပြည်တွင်းတွင် တရားမဝင်ရောင်းချသည်။






## ဝယ်လက်

တရုတ်ပြည်တွင်ကျောက်စိမ်းကို အမြတ်တနိုးတန်ဖိုးထားကြသည်။ ကျောက်စိမ်းအများစုကို တရုတ်ကုန်သည်များက ဝယ်ယူသည်။ လက်ဝတ်ရတနာအများအပြား၊ ကျောက်စိမ်းနှင့် ပြုလုပ်သည့် အခြားဇိမ်ခံအသုံးအဆောင်များကို တရုတ်က အများအပြားဝယ်ယူသည်။

Minzayar for NRGI




## ကျောက်စိမ်းအသုံးချပုံ


အရည်အသွေးနိမ့်ကျောက်စိမ်းများကို အလှဆင်ရန် အသုံးပြုသည်။ ဥပမာ ကြွေပြားအဖြစ် အသုံးချသည်။ အလယ်လတ်တန်းစားနှင့် အရည်အသွေးမြင့်ကျောက်ကို ပန်းပု၊ လက်ဝတ်ရတနာအဖြစ် အသုံးပြုသည်။ ကျောက်စိမ်း အချောသပ်ခြင်းလုပ်ငန်းအများစုကို တရုတ်ပြည်တွင်သာ ပြုလုပ်သည်။ မြန်မာ၏ ကျောက်စိမ်းအရောင်းတင်ခြင်း၊ ဖြတ်ခြင်းလုပ်ငန်းမှာ ခေတ်နောက်ကျသည်။

Nyan Hlaing Lynn for NRGI

## ဆက်လက်လေ့လာလိုပါက

မြန်မာ့ကျောက်စိမ်းလုပ်ငန်းနှင့်ပတ်သက်ပြီး Open Jade Data တွင် အသေးစိတ်လေ့လာနိုင်သည်။ တူးဖော်ခွင့်ပါမစ်ပိုင်ရှင်၊ အစိုးရဝင်ငွေ အစရှိသဖြင့် ဖော်ပြထားသည်။

www.OpenJadeData.org



# ဆက်လက်ဖတ်ရှုရမည့်စာအုပ်များ


Emma Irwin. Myanmar Gemstone Sector Review (Myanmar Extractive Industries Transparency Initiative, 2016). www.mata-nrg.org

Global Witness. Jade: Myanmar's "Big State Secret" (2015). www.globalwitness.org

Paul Shortell. Governing the Gemstone Sector: Considerations for Myanmar (Natural Resource Governance Institute, 2017). www.resourcegovernance.org

Paul Shortell and Emma Irwin. Governing the Gemstone Sector: Lessons from Global Experience (Natural Resource Governance Institute, 2017) www.resourcegovernance.org

Myanmar Extractive Industries Transparency Initiative. EITI Report for the Period April 2015-March 2016: Oil, Gas and Mining Sectors (2018). www.myanmareiti.org

Myanmar Extractive Industries Transparency Initiative. EITI Report for the Period April 2014-March 2015: Oil, Gas and Mining Sectors (2018). www.myanmareiti.org

Myanmar Extractive Industries Transparency Initiative. EITI Report for the Period April 2013-March 2014: Oil, Gas and Mining Sectors (2015). www.myanmareiti.org

Transparency and Accountability Network of Kachin State. Beyond Liability: Preliminary Report on Jade Mining (2016)

Humanity Institute and Wunpawng Amyu She Zinlum Hpung. Jade: At the Expense of Many Lives (2018) - Available in Myanmar language only




Zaw Moe Htet for NRGI

Natural
Resource
Governance
Institute